# သင့်တော်သော ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများအား ရွေးချယ်ခြင်း၊ ကြီးကြပ်ခြင်းနှင့် လေ့ကျင့်ခြင်းအတွက် လက်တွေ့လမ်းညွှန်

| စိတ်ချရသော ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများကို ရွေးချယ်ခြင်း | လက်တွေ့အကြံပြုချက်များ | ရလဒ်ကောင်းများ |
|---|---|---|
| အလုပ်တာဝန်အရ ကလေးများကို တိုက်ရိုက်သော်လည်းကောင်း သို့မဟုတ် သွယ်ဝိုက်၍သော်လည်းကောင်း တွေ့ဆုံခြင်း ရှိမရှိ သို့မဟုတ် ကလေးများနှင့် မိသားစုများ၏ ထိခိုက်လွယ်သော အကြောင်းအရာ ရယူခြင်း ရှိမရှိ ဆုံးဖြတ်ပါ | အလုပ်တာဝန်အရ ကလေးများနှင့်တွေ့ဆုံခြင်းပုံစံနှင့် ကလေးတစ်ဦးချင်း၏အကြောင်းအရာ ရယူခြင်းအမျိုးအစားကို စိစစ်ခြင်းအား အောက်ပါအချက်များအရ ဆုံးဖြတ်ပါမည်-<br>• အလုပ်တာဝန်သည် ဥပဒေနှင့်အညီ ကလေးနှင့်ပတ်သက်သည့်ပြစ်မှု ကင်းရှင်းကြောင်း လက်မှတ် (Working with Children Check) ရှိရန် သို့မဟုတ် ကလေးများအပေါ် အန္တရာယ်ကျရောက်မှု နည်းစေရန်အတွက် ကလေးနှင့်ပတ်သက်သည့်ပြစ်မှု ကင်းရှင်းကြောင်း လက်မှတ် (Working with Children Check) ရှိရန် လိုမလို<br>• အခြား စုံစမ်းခြင်းနှင့် စစ်ဆေးခြင်း လိုမလို<br>• အလုပ်တာဝန်အရ လိုအပ်သော သင်တန်းအမျိုးအစားနှင့် ကြီးကြပ်မှုအဆင့် | အလုပ်တာဝန်အရ သင့်တော်သော နောက်ကြောင်း စစ်ဆေးမှုများ၊ သင်တန်းနှင့် ကြီးကြပ်မှုများ ချမှတ်ထားပါသည်။ |
| တာဝန်ဝတ္တရားဖော်ပြချက် သို့မဟုတ် အလုပ်တာဝန်ဖော်ပြချက် ရေးဆွဲပါ | တာဝန်ဝတ္တရားဖော်ပြချက် သို့မဟုတ် အလုပ်တာဝန်ဖော်ပြချက်သည် ရာထူး၏ အခန်းကဏ္ဍ၊ တာဝန်များနှင့် လုပ်ဆောင်ရမည်များကို ရှင်းလင်းထားပြီး အစီရင်ခံရမည့် အချက်များကို ဖော်ပြထားသည်။ | အသင့်တော်ဆုံး ဝန်ထမ်းများ သို့မဟုတ် စေတနာ့ဝန်ထမ်းများကို ခန့်ထားခြင်း |

| စိတ်ချရသော ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများကို ရွေးချယ်ခြင်း | လက်တွေ့အကြံပြုချက်များ | ရလဒ်ကောင်းများ |
|---|---|---|
| | ရာထူးအရ Working with Children Check လက်မှတ်၊ အတတ်ပညာရှင် မှတ်ပုံတင်ခြင်းသို့မဟုတ် ပညာအရည်အချင်း လိုမလို ဆုံးဖြတ်ပါ။ | |
| အဓိက ရွေးချယ်ခြင်းစံနှုန်းများကို သတ်မှတ်ပါ | ရွေးချယ်ခြင်းဆိုင်ရာ သတ်မှတ်ချက်များအားဖြင့် တာဝန်ဝတ္တရားဖော်ပြချက်တွင် ဖော်ပြထားသော တာဝန်များနှင့် အလုပ်များကို ထမ်းဆောင်ရန် လိုအပ်သည့် အဓိက ကျွမ်းကျင်မှုများ၊ ပင်ကိုယ်အရည်အချင်းများနှင့် အတွေ့အကြုံများကို ဖော်ထုတ်ရာတွင် အထောက်အကူပြုပါသည်။ | အကယ်၍ သင့်အနေဖြင့် လိုအပ်သည်ကို ကြိုတင်စဉ်းစားထားလျှင် တာဝန်အရ သင့်တော်သူကို ရွေးချယ်ခြင်းသည် ပိုမိုလွယ်ကူပါလိမ့်မည်။ |
| အလုပ်ရာထူးကို ကြော်ငြာပါ | သင်သည် ကလေး ဘေးကင်းရေးနှင့် ကျန်းမာပျော်ရွှင်ရေးမူဝါဒကျင့်သုံးသော ကလေးဘေးကင်းလုံခြုံသည့်အဖွဲ့အစည်းတစ်ခုဖြစ်ကြောင်း တိုးမြှင့်ကြော်ငြာပါ။ | ကလေးဘေးကင်းရေးမှာ သင့်အဖွဲ့အစည်း၏ အလေ့အထအဖြစ် တည်ရှိနေကြောင်း သေချာစေပြီး၊ ဤအဖွဲ့အစည်းကဲ့သို့ အလားတူစံထားသည့်သူများအား ဆွဲဆောင်ရန် အတွက် သင့်အား အထောက်အကူပြုပါသည်။ |
| အလုပ်လျှောက်သူများကို လူတွေ့မေးမြန်းပါ | အလုပ်လျှောက်သူ၏ ကလေးများနှင့်လုပ်ကိုင်ရန် စိတ်ဝင်စားမှုအကြောင်း မေးမြန်းပါ။<br>အောက်ပါတို့နှင့် စပ်လျဉ်း၍ လျှောက်ထားသူ၏ ဘဝအတွေ့အကြုံနှင့် အောက်ပါတို့ နားလည်မှုအကြောင်းကို မေးမြန်းပါ-<br>• ကလေးများ၏ ရုပ်ပိုင်းနှင့် စိတ်ခံစားမှုဆိုင်ရာ လိုအပ်ချက်များ<br>• အတတ်ပညာရှင်ဆိုင်ရာ စောင့်ထိန်းရမည့် ကျင့်ဝတ်နယ်နိမိတ်များ<br>• ကလေးများ၏ အခွင့်အရေးများ | အလုပ်လျှောက်သူ၏ ကျွမ်းကျင်မှုများနှင့် သင့်တော်မှုကို စိစစ်ရန် သင့်တော်သည့် အခွင့်ရေး ရရှိစေမည့်အပြင် မျှတသောလုပ်ငန်းစဉ်တစ်ရပ်။ |

| စိတ်ချရသော ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများကို ရွေးချယ်ခြင်း | လက်တွေ့အကြံပြုချက်များ | ရလဒ်ကောင်းများ |
|---|---|---|
| | အလုပ်လျှောက်သူ၏ စံနှုန်းများနှင့် ၎င်းတို့အနေဖြင့် ကလေးဘေးကင်းရေးနှင့် ကျန်းမာပျော်ရွှင်ရေးအပြင် ကလေး မတော်မတရားပြုကျင့်မှုနှင့် ထိခိုက်နစ်နာမှု ဟန့်တားပေးရေးအတွက် တာဝန်ယူမှု ရှိမရှိ စူးစမ်းပါ။<br><br>ကလေးများနှင့်မိသားစုအားလုံးအတွက် အဘိုရင်ဂျင်းတိုင်းရင်းလူမျိုး ယဥ်ကျေးမှုဆိုင်ရာ လုံခြုံမှုနှင့် ပါဝင်ပူးပေါင်းမှု အလေ့အကျင့်များအပေါ် လျှောက်ထားသူ၏ ခံယူချက်အမြင်ကို ဆွေးနွေးပါ။<br><br>**အသုံးဝင်သည့် မေးခွန်းများ-**<br>• ကလေးလူငယ်များနှင့် လုပ်ကိုင်ခဲ့သော သို့မဟုတ် ကလေးလူငယ်များအတွက် လုပ်ကိုင်သည့်အဖွဲ့အစည်းများနှင့် လုပ်ကိုင်ခဲ့သော သင့်အတွေ့အကြုံများကို (ရှိပါက) တင်ပြပါ။ ၎င်းမှာ (အားကစား နည်းပြကဲ့သို့ စေတနာ့ဝန်ထမ်းလုပ်ခြင်း အပါအဝင်) အလုပ်နှင့် ကိုယ်ပိုင်အချိန်မှ အတွေ့အကြုံများ ဖြစ်နိုင်သည်။<br>• လူကြီးနှင့် ကလေး သို့မဟုတ် လူငယ်အကြား အပြုအမူများမှ သင့်တော်သည် နှင့် မသင့်တော်ပါဟု သင်ယူဆသော နမူနာများကို ပြောပြပါ။<br>• အကယ်၍ လုပ်ဖော်ကိုင်ဖက်တစ်ဦးက ကလေးတစ်ယောက်အား မသင့်တော်စွာ ဆက်ဆံနေသည်ဟု သင် ထင်မြင်ပါက သင် ဘာလုပ်မည်နည်း။<br>• ကလေးများနှင့် လူငယ်များအပေါ် သင်၏ ဆက်ဆံပုံကို သင် မည်သို့ဖော်ပြမည်နည်း။<br><br>ရွေးချယ်ရေးအဖွဲ့တွင် တစ်ဦးထက် ပို၍ထားရှိပေးပါ သို့မှသာ သင့်အနေဖြင့် အလုပ်လျှောက်သူများအပေါ် သဘောထားအမြင်များနှင့်ပတ်သက်၍ သင် ဆွေးနွေးနိုင်ပါသည်။ ကျားမ ရောနှောထားသကဲ့သို့ အသွင်အမျိုးမျိုး၊ ဘဝအမျိုးမျိုးမှ လူများကို ရွေးချယ်ရေးအဖွဲ့တွင် ဖြစ်နိုင်ပါက ရောနှောထားပါ။ လူငယ်တစ်ဦးကို | |

| **စိတ်ချရသော ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများကို ရွေးချယ်ခြင်း** | **လက်တွေ့အကြံပြုချက်များ** | **ရလဒ်ကောင်းများ** |
|---|---|---|
| | ရွေးချယ်ရေးအဖွဲ့တွင် ထည့်သွင်းထားခြင်းသည် မတူညီသောအမြင်မျိုး ရရှိရန် အထောက်အကူပြုနိုင်ပါသည်။<br><br>မည်သူ့ကို သင် အလုပ်ခန့်ရန် မသေချာပါက သို့မဟုတ် အလုပ်လျှောက်သူနှင့်ပတ်သက်၍ သံသယအချို့ရှိပါက ဒုတိယ လူတွေ့မေးမြန်းပွဲ လုပ်ဆောင်ပါ။ ပိုမိုစကားအပြန်အလှန် ပြောဆိုခြင်းနှင့် ထင်မြင်ယူဆချက်များ ဖလှယ်နိုင်ခြင်းအားဖြင့် သင် ဒုတိယ လူတွေ့မေးမြန်းပွဲတွင် ပို၍ ရင်းနှီးစွာ ဆွေးနွေးလိုချင်မည်၊ သို့မှသာ ထိုသူအား ပိုမိုသိကျွမ်းနိုင်မည်ဖြစ်သည်။ | |
| ထောက်ခံသူ အနည်းဆုံး နှစ်ဦးနှင့် စစ်ဆေးခြင်း လုပ်ပါ | ထောက်ခံသူ အနည်းဆုံး နှစ်ဦးနှင့် စစ်ဆေးသင့်သည်။ ထောက်ခံစာကို အသိအမှတ် မပြုပါနှင့်။ ထောက်ခံသူနှင့် အမြဲတမ်း စကားပြောသင့်ပါသည်။<br><br>အလုပ်လျှောက်သူ၏ လက်ရှိ သို့မဟုတ် များမကြာမီက အလုပ်မှ ထောက်ခံသူ အနည်းဆုံးတစ်ဦး တောင်းပါ။<br><br>ထောက်ခံသူများအနေဖြင့် အလုပ်လျှောက်သူ၏ ကလေးများနှင့် လုပ်ကိုင်ပုံကို ကိုယ်တိုင်သိထားရန် လိုအပ်သည်။<br><br>**အသုံးဝင်သည့် မေးခွန်းများ-**<br><br>• ကလေးများနှင့် ဆက်ဆံခဲ့သည့် ထိုလူကို သင် စူးစမ်းစောင့်ကြည့်မိခဲ့ပါသလား။ ထိုလူ ကလေးများနှင့် ဆက်ဆံနေပုံနှင့် ဆက်နွယ်နေပုံများကို သင် ဖော်ပြနိုင်ပါသလား။<br>• သင် ဤအလုပ်လျှောက်သူကို အလုပ်ပြန်ခန့်နိုင်ပါသလား။<br>• ဤအလုပ်လျှောက်သူက ကလေးများနှင့် တိုက်ရိုက်ဆက်ဆံလုပ်ကိုင်သည်ကို သင့်အနေဖြင့် စိုးရိမ်မှု တစ်ခုခု ရှိပါသလား။ | အလုပ်လျှောက်သူ၏အကြောင်း စုဆောင်းထားခြင်းသည် အလုပ်လျှောက်သူ၏ သင့်တော်မှုနှင့်ပတ်သက်၍ အသိရှိရှိ ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် သင့်အား အထောက်အကူပြုပါသည်။ |

| စိတ်ချရသော ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများကို ရွေးချယ်ခြင်း | လက်တွေ့အကြံပြုချက်များ | ရလဒ်ကောင်းများ |
|---|---|---|
| | • အလုပ်လျှောက်သူအနေဖြင့် တစ်ခါတစ်ရံတွင် ကလေးများနှင့်သာ ရှိနေနိုင်သည်ကို သိနေခြင်းအတွက် သင် စိတ်ချပါသလား။<br>• ကလေးတစ်ယောက်၏ ကိုယ်တွယ်ရခက်ခဲသည့် အပြုအမူကို အလုပ်လျှောက်သူက ဖြေရှင်းပေးနေသည်ကို သင် သတိပြုမိခဲ့သည့် နမူနာတစ်ခု ကျွန်တော်တို့အား ပြောပြနိုင်ပါသလား။<br>• အဖွဲ့အစည်း၏ ကျင့်ဝတ် စောင့်ထိန်းခြင်းနှင့်ပတ်သက်ပြီး ထိုသူ သို့မဟုတ် စိုးရိမ်မှုအပေါ် စည်းကမ်းဆိုင်ရာ အရေးယူမှုတစ်ရပ်ရပ် ရှိခဲ့ပါသလား။ | |
| ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများအား လုပ်ငန်းခွင်သင်တန်း၊ ကြီးကြပ်မှု၊ ပံ့ပိုးမှုနှင့် စောင့်ကြပ်ကြည့်ရှုမှု ဆောင်ရွက်ပေးပါ | ဝန်ထမ်းသစ်များနှင့် စေတနာ့ဝန်ထမ်းသစ်များကို အဖွဲ့အစည်း၏ ကလေး ဘေးကင်းရေးနှင့် ကျန်းမာပျော်ရွှင်ရေး မူဝါဒ၊ ကျင့်ဝတ်နှင့် ဆက်နွှယ်နေသည့် မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများနှင့် အသားကျအောင် လုပ်ပေးပါ။<br><br>အောက်ပါကိစ္စများနှင့် စပ်လျဉ်း၍ စဉ်ဆက်မပြတ် လေ့ကျင့်ပေးပါ-<br><br>• ကလေး မတော်မတရားပြုကျင့်မှုနှင့် ထိခိုက်နစ်နာမှုတို့၏ လက္ခဏာများ ဖော်ထုတ်ခြင်းနှင့် ဖြေရှင်းခြင်း<br>• ကလေး ထိခိုက်နစ်နာမှုအကြောင်း ဖော်ထုတ်ပြောလာသော တစ်ဦးတစ်ယောက်အား ပံ့ပိုးပေးခြင်း<br>• ကလေး မတော်မတရားပြုကျင့်မှုနှင့် ထိခိုက်နစ်နာမှုတို့၏ အန္တရာယ်များကို စိစစ်ခြင်းနှင့် ကွတ်ကဲထိန်းချုပ်ခြင်း<br>• ကလေးများ၏ လုပ်ပိုင်ခွင့်နှင့် ပါဝင်လုပ်ဆောင်ခြင်း<br>• မှတ်တမ်း ထိန်းသိမ်းခြင်းနှင့် အချက်အလက်ဝေမျှခြင်း<br>• ကလေး ဘေးကင်းရေးဆိုင်ရာ သတင်းပို့ခြင်းနှင့် တုံ့ပြန်ဖြေရှင်းပေးရန် တာဝန်များ<br>• ယဉ်ကျေးမှု လုံခြုံရေးနှင့် ပူးပေါင်းပါဝင်ရေးဆိုင်ရာ အလေ့အထများ။ | ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများသည် ကလေးများ၏ ဘေးကင်းရေး ထိန်းသိမ်းပုံ၊ ထိခိုက်နစ်နာမှု ဟန့်တားပုံနှင့် ထိခိုက်မှု အနည်းဆုံးဖြစ်အောင်လုပ်ဆောင်ပုံကို နားလည်ပြီး စိတ်ချလက်ချ အရေးတယူဆောင်ရွက်နိုင်သည်။ |

| စိတ်ချရသော ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများကို ရွေးချယ်ခြင်း | လက်တွေ့အကြံပြုချက်များ | ရလဒ်ကောင်းများ |
|---|---|---|
| | ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများအား စဉ်ဆက်မပြတ် ကြီးကြပ်မှုနှင့် စီမံခန့်ခွဲမှုတွင် ကလေး ဘေးကင်းရေးနှင့် ကျန်းမာပျော်ရွှင်ရေးအပေါ် အလေးထားဆောင်ရွက်မှု ပါဝင်ရမည်။ ၎င်းကို ပုံမှန်အားဖြင့် ဝန်ထမ်းကြီးကြပ်ရေး၊ ကျွမ်းကျင်မှုဖွံ့ဖြိုးမှုအစီအစဉ်များနှင့် ဝန်ထမ်းရေးရာဆွေးနွေးပွဲများနှင့် အစည်းအဝေးများမှတစ်ဆင့် ဆောင်ရွက်နိုင်သည်။<br>အကယ်၍ ဝန်ထမ်း သို့မဟုတ် စေတနာ့ဝန်ထမ်း တစ်ဦးဦးက အဖွဲ့အစည်း၏ ကလေးဘေးကင်းရေးနှင့် ကျန်းမာပျော်ရွှင်ရေး ကျင့်ဝတ်ကို မလိုက်နာပါက အရေးယူရမည်ဖြစ်သည်၊ အဆိုပါ ဝန်ထမ်း သို့မဟုတ် စေတနာ့ဝန်ထမ်းအား အဆိုပါကိစ္စကို တင်ပြခြင်းနှင့် ၎င်းက အပြုအမူ ပြောင်းလဲလိုက်သည်ကို စစ်ဆေးခြင်းတို့အပါအဝင်ဖြစ်သည်။ | |